# မြန်မာနိုင်ငံ၏

# လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်

# အခြေအနေအကဲဖြတ်ချက်

၆ ရက်၊ ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်

# မြန်မာနိုင်ငံ၏
# လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်
# အခြေအနေအကဲဖြတ်ချက်

## ပြည်ထောင်စုအစိုးရ၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ခိုင်မာအားကောင်းရေးလုပ်ဆောင်ရန် လိုအပ်သည့် အဓိကနယ်ပယ်များအတွင်း တိုးတက်မှုကို အကဲဖြတ်ခြင်း

၆ ရက်၊ ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်

## သုံးသပ်ချက်အကျဉ်းချုပ်

**"အခြေခံအဆင့်မှာ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရပါတယ်။ ဥပဒေဟာ အားလုံးကို မလွှမ်းခြုံနိုင်ဘူး။ လူတိုင်းကို ညီညီမျှမျှ အကာအကွယ် ပေးမနေပါဘူး။ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်နေတဲ့အခါမျိုးမှာကျ ဥပဒေရဲ့ အလုပ်လုပ်ပုံက နှေးကွေးပြီး ခန့်မှန်းရခက်နေတယ်။ ဒါပေမဲ့ နိုင်ငံတော်ကို ဝေဖန်ပြောဆိုလာရင် အကြီးအကျယ် ဒေါသထွက်ပြီး တုံ့ပြန်မှုက မြန်ဆန်ပြီး ခက်ထန်တယ်"**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)

ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲသို့ ဦးတည်နေသော မြန်မာနိုင်ငံ၌ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် အခြေအနေမှာ ခြိမ်းခြောက်ခံနေရဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေ အကဲဖြတ်ချက်သည် ကျွမ်းကျင်မိတ်ဖွဲ့အဖွဲ့အစည်း (၁၃) ခု၏ ခြုံငုံလေ့လာချက်စစ်တမ်းအပေါ် အခြေခံထားပြီး အရပ်ဘက်အဖွဲ့ အစည်းများ၏ ယခင်နှစ် စုစည်းတင်ပြသော ထင်မြင်ယူဆချက်ကို ကိုယ်စားပြုသည်။ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဘက်စုံအခြေအနေရပ်တိုင်း၌ အကဲဖြတ်ချက်ကို စတင်လုပ်ဆောင်ခဲ့သော ၂၀၁၆ ခုနှစ်မှ ယမန်နှစ်အထိ ရမှတ်များ ဆိုးဝါးစွာ ကျဆင်းနေခဲ့ပါသည်။

အောက်ဖော်ပြပါဇယား၌ မြန်မာနိုင်ငံ၏ လွပ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်၏ ဘက်စုံအခြေအနေများ၌ ဆုတ်ယုတ် ကျဆင်းမှုအခြေအနေမျိုး အနည်းငယ်စီ ဖြစ်ပေါ်နေကြောင်း ၂၀၂၀ ပြည့်နှစ် အကဲဖြတ်ရမှတ်များက ညွှန်းဆိုနေပါသည်။

၂၀၂၀ ပြည့်နှစ် အကဲဖြတ်ချက် စုစုပေါင်း၏ ပျမ်းမျှရမှတ်မှာ စုစုပေါင်း ပေးမှတ် (၂) မှတ်တွင် ရမှတ် (၀.၆၃) မှတ် ဖြစ်ပါသည်။ (၀)မှတ်သည် ဆုတ်ယုတ်ကျဆင်းမှုကိုလည်းကောင်း၊ (၁)မှတ်သည် အပြောင်းအလဲမရှိခြင်းကိုလည်းကောင်း၊ (၂)မှတ်သည် ထူးခြား တိုးတက်မှုကိုလည်းကောင်း အသီးသီး ညွှန်ပြသည်။

| အညွှန်းကိန်း | ပျမ်းမျှရမှတ် | မှတ်ချက် |
|---|---|---|
| ဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ | ၀.၇၂/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |
| သတင်းမီဒီယာအမှီအခိုကင်းမှုနှင့်လွတ်လပ်မှု | ၀.၆၃/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |
| ဒစ်ဂျစ်တယ်လွတ်လပ်မှု | ၀.၅၆/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |
| လွတ်လပ်စွာစုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့် | ၀.၅၈/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |
| သတင်းအချက်အလက်ရယူပိုင်ခွင့် | ၀.၆၉/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |
| လုံခြုံဘေးကင်းခြင်းနှင့် အကာအကွယ်ရှိခြင်း | ၀.၅၉/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |
| စုစုပေါင်းပျမ်းမျှ | ၀.၆၃/၂ | အနည်းငယ်ဆုတ်ယုတ်ကျဆင်း |

ယခင်နှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေများသည် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူပိုင်ခွင့် ကဏ္ဍများ၌ ယိုင်နဲ့စေရန် ဆက်လက်လုပ်ဆောင်မြဲဖြစ်သည်ကို တွေ့ရှိရသည်။ တစ်ပြိုင်နက်တည်းမှာပင် ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေးအတွက် အထူးအရေးပါသော ဥပဒေများ (ဥပမာ ပုဂ္ဂလိကနှင့် လူ့အသိုက်အဝန်းအကြား သတင်းထုတ်လွှင့်ခြင်းနှင့်သက်ဆိုင်သောဥပဒေများ)သည် အသက်ဝင်ခြင်းမရှိသေးဘဲ ပြည်သူလူထု၏ စုံလင်ကွဲပြားသော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းကို ဆိုးဝါးစွာ ကန့်သတ်မှုများ ရှိနေဆဲဖြစ်သည်။

ဆက်သွယ်ရေးဥပဒေပါ ဒီမိုကရေစီ မူဝါဒနှင့် ဆန့်ကျင်သောပြဋ္ဌာန်းချက်များ ပယ်ဖျက်ပေးရန် အရပ်ဘက်အဖွဲ့အစည်းများကနှစ်များစွာ ကြာအောင် အစဉ်တစိုက် တောင်းဆိုလာခဲ့သော်လည်း အစိုးရက အဆိုပါ ပြဋ္ဌာန်းချက်များကို ကိုင်စွဲ၍ ဆန္ဒထုတ်ဖော်မှုများနှင့်သတင်းအချက်အလက်ဖလှယ်မှုတို့ကို ဖိနှိပ်ချုပ်ချယ်လာခဲ့သည်။ ဥပမာအားဖြင့် လွန်ခဲ့သောနှစ်အတွင်း အစိုးရသည် ထင်ရှားသောတိုင်းရင်းသားမီဒီယာဌာနများ အပါအဝင် ဝက်ဆိုဒ်များကို ပိတ်ပင်ခြင်းနှင့် လူတစ်သန်းကျော်ကျော်၏ မိုဘိုင်းဖုန်းအချက်အလက်ဖတ်ရှုနိုင်ခွင့် ပိတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ဤသို့ လုပ်ဆောင်မှုများ၌ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပွင့်လင်းမြင်သာမှုမရှိဘဲသုံးစွဲခဲ့ပြီး နိုင်ငံတော်လုံခြုံရေးအတွက်ဟု မရှင်းလင်းသောအကြောင်းပြချက်များကို အခြေခံခဲ့သည်။

သတင်းထောက်များ၊ လူ့ရပိုင်ခွင့်ကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကိုလည်း ပြစ်မှုဆိုင်ရာအရေးယူသောအမှုများ၏စုစုပေါင်းအရေအတွက်မှာ အနည်းငယ်လျော့ကျသွားခဲ့ပြီး ကန့်သတ်မှုရှိသော ဖြေလျော့မှုများနှင့် ယှဉ်တွဲလုပ်ဆောင်ခဲ့သည်(ဥပမာရိုက်တာသတင်းထောက်များကို ၂၀၁၉ ခုနှစ် မတ်လတွင် ပြန်လည်လွှတ်ပေးခဲ့မှု။)။ သို့ရာတွင် ဥပဒေကို လက်တွေ့အသုံးချရာ၌ မိမိတို့ လိုအပ်သလို ကျင့်သုံးလုပ်ဆောင်နေမှုများ ပိုမိုကျယ်ပြန့်လာခဲ့ပြီး အမှန်တရားကို ထုတ်ဖော်ပြောဆိုလိုသော သူများအပေါ်ဖိအားပေးမှုများ ပိုမိုများပြားလာခဲ့သည်။

**COVID-19** ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါနှင့်ပတ်သတ်၍ သတင်းအချက်အလက်အချို့ကို လူသိထင်ရှား ထုတ်ပြန်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် သတင်းအချက်အလက်ရပိုင်ခွင့်နှင့်ပတ်သက်သောဥပဒေ ရှိမနေသေးပဲ အဆိုပါဥပဒေမျိုး ပေါ်ပေါက်အောင်မည်သည့်အခါတွင် မည်သို့လုပ်ဆောင်မည်ဟူသည့် တိကျရှင်းလင်းသော အစီအစဉ်လည်း မရှိသေးချေ။ တစ်ပြိုင်နက်မှာပင်အစိုးရသတင်းဌာန(အစိုးရ/ တပ်မတော်ပိုင်)ကို ဆက်လက်အသုံးပြု၍ "လူထုကို လှုပ်လှုပ်ရှားရှား ဖြစ်နေနိုင်သော"သတင်းမျိုးနှင့်ပတ်သက်၍ သတင်းအမှားများ ထုတ်ပြန်ခြင်း၊ သတင်းအပြည့်အစုံ မထုတ်ပြန်ခြင်းမျိုးကို အစိုးရအနေဖြင့် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများနှင့်လူ့ရပိုင်ခွင့်ကာကွယ်သူများ၏လက်ရှိအနေအထားမှာ အသက်နှင့်ခန္ဓာကိုခြိမ်းခြောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခံရခြင်းနှင့် ဒီဂျစ်တယ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရခြင်းများကဲ့သို့ စိုးရိမ်ဖွယ်အခြေအနေများကိုရင်ဆိုင်နေရဆဲဖြစ်သည်။ အကြမ်းမဖက် ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းခြင်းများ များပြားလာခဲ့သည်။ ဤသို့တိုက်ခိုက်ခြင်းများအပေါ် ဟန့်တားအရေးယူမှု နည်းပါးလာပြီး နစ်နာသူများကို ထိန်းသိမ်းအကာအကွယ်ပေးမှု အားနည်းနေဆဲ ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အကဲဖြတ်ချက်သည် လွန်ခဲ့သောနှစ်များက အသုံးပြုခဲ့သော ရမှတ်တွက်ချက်ပုံနှင့် မတူညီဘဲ အဆင့်မြင့်သော အကဲဖြတ်နည်းကို အသုံးပြုထားပါသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် အကဲဖြတ်ချက်ရလဒ်များကို ၂၀၁၉ ခုနှစ် အကဲဖြတ်ရလဒ်များနှင့်နှိုင်းယှဉ်လေ့လာရန် မသင့်လျော်ပါ။

## အကြံပြုချက်များ

**အစိုးရ**

♦ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်ရန်။

♦ အင်တာနက်လိုင်းများ ဖြတ်တောက်ထားမှုကို အဆုံးသတ်ရန်။ ဝက်ဘ်ဆိုက်ပိတ်ဆို့ရန် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင် နိုင်ငံတကာအဆင့်သတ်မှတ်ချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစေရမည်ဖြစ်ပြီး ထိရောက်သော အယူခံတင်ခွင့် အခွင့်အလမ်းထားရှိပေးရန်။

♦ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာနေရာများသို့ သတင်းမီဒီယာ၊ နိုင်ငံတကာမီဒီယာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဝင်ရောက်ခွင့်နှင့်ပတ်သက်၍ ပိတ်ဆို့တားဆီးမှုအားလုံးကို ဖယ်ရှားပေးရန်။

♦ သတင်းမီဒီယာ လွတ်လပ်ခြင်း၊ အမှီအခိုကင်းခြင်း၊ သီးခြားရပ်တည်နိုင်ခြင်းတို့နှင့်သော်လည်းကောင်း၊ လွတ်လပ်စွာအနုပညာမြောက်ထုတ်ဖော်ပြသခွင့်နှင့်သော်လည်းကောင်း၊ ကြိုတင်ထုတ်ပြန်ကြေညာခြင်းနှင့်သော်လည်းကောင်း၊ ဒီဂျစ်တယ်နှင့် မီဒီယာတတ်မြောက်ခြင်းနှင့်သော်လည်းကောင်း၊ တိုင်းရင်းသားလူနည်းစုများအပေါ် သင့်တင့်လျောက်ပတ်စွာ ဆက်ဆံခြင်းနှင့်သော်လည်းကောင်း ကိုက်ညီဆီလျော်မည့်မူဝါဒများ ချမှတ်ရန်။

♦ အစိုးရလက်အောက်ခံမီဒီယာကို ရပ်စဲရန်၊ ရောင်းချရန် သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရန်။ သတင်းမီဒီယာကောင်စီ၊ သို့မဟုတ် နောင်တွင်ပေါ်ထွန်းလာမည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာကောင်စီအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ရာတွင် အစိုးရအနေဖြင့် ပါဝင်ပတ်သက်မှု မရှိစေရန်။

♦ **ICCPR** နှင့် အခြားနိုင်ငံတကာလူ့ရပိုင်ခွင့်စာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးရန်။

**အစိုးရနှင့် စစ်ဘက်ရေးရာ**

♦ အစိုးရနှင့်စစ်ဘက်ရေးရာများကို ဝေဖန်မှုများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများ အသုံးပြု၍ အရေးယူခြင်း မပြုလုပ်ရန်အတွက် ရွေးကောက်ခံကိုယ်စားလှယ်များအပါအဝင် အရာရှိများကို ညွှန်ကြားမှုပေးရန်၊ သတင်းထောက်တစ်ဦး ပါဝင်ပတ်သက်သော အမှုကိစ္စတစ်ရပ်ပေါ်ပေါက်လာပါက သတင်းမီဒီယာကောင်စီသို့ ပထမဦးစွာ တရားဝင်တိုင်ကြားချက်တစ်ရပ် ပေးပို့ရန်အတွက် ညွှန်ကြားထားရန်။

**ဥပဒေပြုရေး**

♦ နိုင်ငံတကာစံချိန်စံညွှန်းများ၊ အလေ့အကျင့်ကောင်းများနှင့်ကိုက်ညီသော ဥပဒေမူကြမ်းများကို ချမှတ်ရန်။ ယင်းသို့ ဥပဒေကြမ်းများ ချမှတ်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများထံမှ ထိရောက်သော၊ အစီအစဉ်ကျသော၊ ပွင့်လင်းမြင်သာသော အကြံဉာဏ်တောင်းခံမှုများ ပြုလုပ်ရန်။

♦ သတင်းအချက်အလက်နှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်၏ ဥပဒေကျင့်ဝတ်၊ လူမှုကျင့်ဝတ်နှင့်မညီသော၊ မမှန်ကန်သော လျှို့ဝှက်လုပ်ရပ်များကို ထုတ်ဖော်ရေးသားပြောဆိုသူများနှင့်ပတ်သက်၍သော်လည်းကောင်း၊ သတင်းအချက်အလက်ထိန်းသိမ်းကာကွယ်ခြင်း၊ ဥပဒေနှင့်အညီ ကြားဖြတ်တားဆီးခြင်း၊ ကိုယ်ရေးအချက်အလက်လုံခြုံခြင်းနှင့်သော်လည်းကောင်း သက်ဆိုင်သည့်ဥပဒေများ သတ်မှတ်ပြဌာန်းရန်။ ထိုသို့သတ်မှတ်ပြဌာန်းရာတွင် ယင်းဥပဒေများနှင့် ပဋိပက္ခဖြစ်စေသော ရှိရင်းစွဲဥပဒေများကို လွှမ်းမိုးနိုင်ရန်။

♦ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ဆက်သွယ်ရေးဥပဒေနှင့် မတရားအသင်းများအက်ဥပဒေတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ရန်။

**တရားစီရင်ရေး**

♦ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသည့်အချက်

များကို အသုံးချ၍ ဒီမိုကရေစီဝါဒနှင့် ဆန့်ကျင်သောဥပဒေများ ကျင့်သုံးခြင်းကို ထိန်းချုပ်ရန်၊ ယခင်အဖြစ်အပျက်သာဓကများမှ နမူနာယူ၍ အမှုကိစ္စများအားလုံး၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အသုံးချရန်။

♦ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုသောအမှုကိစ္စများအားလုံးကို အာမခံပေးရန်။

♦ တရားသူကြီးများအား လူ့ရပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ လေးစားလိုက်နာရမည့်အချက်များကို လေ့ကျင့်သင်ကြားပေးရန်။

**<u>ပြည်သူ့ရဲတပ်ဖွဲ့</u>**

♦ ဆန္ဒထုတ်ဖော်ခွင့်ကို အကာအကွယ်ပေးသော မူဝါဒများ ချမှတ်ရန်၊ အခွင့်အာဏာကို အလွဲသုံးစားလုပ်သော ပြည်သူ့ရဲများကို စုံစမ်းခွင့်၊ စည်းကမ်းတင်းကြပ်ခွင့်နှင့် အရေးယူဆောင်ရွက်နိုင်ခွင့်တို့ကို ပြဋ္ဌာန်းသော မူဝါဒများ ချမှတ်ရန်။

♦ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်သောပြစ်မှုများ(အဆိုပါပြစ်မှုများကို အမိန့်ပေးသူ၊ ပူးပေါင်းကျူးလွန်သူ၊ ထောက်ခံ၍ ပူးပေါင်းကြံစည်သူ၊ အမှုကို ဖျောက်ဖျက်ရန် ကြိုးစားသူတို့အပါအဝင်)ကို အရေးယူဆောင်ရွက်ရန် အလို့ငှာ ဘက်မလိုက်သော၊ ချက်ချင်းဆောင်ရွက်သော၊ နံ့နံ့စပ်စပ်ရှိပြီး အမှီအခိုကင်းမဲ့သော၊ ထိရောက်သော စုံစမ်းမှုများကို ဆောင်ရွက်ရန်။

**<u>နိုင်ငံရေးပါတီများ</u>**

♦ မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန် ခိုင်မာပြီး အရေးပါသော ကြေညာစာတမ်းများကို တစိုက်မတ်မတ် ဆောင်ရွက်ရန်။

**<u>သတင်းမီဒီယာကောင်စီ</u>**

♦ သတင်းထောက်များနှင့် အခြားမီဒီယာဝန်ထမ်းများသည် လုံခြုံရေးနှင့်ဘေးကင်းစိတ်ချရေးကိစ္စများ ပေါ်ပေါက်လာပါက သင့်တော်မှန်ကန်စွာ ဆောင်ရွက်ရမည့်နည်းလမ်းများကို မဖြစ်မနေ လေ့ကျင့်ပေးရန်။

♦ မီဒီယာများ၏ ရှင်သန်ရပ်တည်မှုအတွက် ထောက်ပံ့ပေးရန်(အထူးသဖြင့် **COVID-19** ကမ္ဘာ့ကပ်ရောဂါကာလ)။

❑

## နိဒါန်း

မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအကဲဖြတ်ချက် (နောင်တွင် အကဲဖြတ်ချက်ဟု ခေါ်ဝေါ်သုံးစွဲမည်)သည် ယခင်နှစ်အတွင်း ပြည်ထောင်စုအစိုးရ၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ခိုင်မာအားကောင်းရေးလုပ်ဆောင်ရန် လိုအပ်သည့်အဓိကနယ်ပယ်များအတွင်း တိုးတက်မှုကို အကဲဖြတ်ခြင်းဖြစ်သည်။ နိုင်ငံတော်သည် ဒီမိုကရေစီကို ဖော်ဆောင်ပေးနိုင်သော အခြေခံအုတ်မြစ်ဖြစ်သည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို လေးစားရန်၊ အကာအကွယ်ပေးရန်၊ ဖြည့်ဆည်းပေးရန် တာဝန်ရှိပေသည်။ ဤအကဲဖြတ်ချက်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း နိုင်ငံတော်၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကို ခြေရာခံလေ့လာထားသော မြန်မာကျွမ်းကျင်ပညာရှင်တို့၏ တွေ့ရှိချက်ကို တင်ပြရန် ရည်ရွယ်ပါသည်။ ဝန်းကျင်အခြေအနေအရပ်ရပ်ကို ခြုံငုံ၍ အမှတ်ပေးခြင်းအစား တစ်နှစ်ပြီးတစ်နှစ် ကောင်းသော ပြောင်းလဲခြင်း သို့မဟုတ် ဆုတ်ယုတ်သော ပြောင်းလဲခြင်းတို့ကို တိုင်းတာနိုင်ရန် ရည်ရွယ်သည်။

## နောက်ခံသမိုင်း

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအပေါ် ထုတ်ပြန်ခဲ့သော ပဉ္စမမြောက် နှစ်စဉ်အကဲဖြတ်ချက်ဖြစ်သည်။ အဖွဲ့အစည်း (၆) ဖွဲ့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ပဏာမအကဲဖြတ်ချက်ကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အဖွဲ့အစည်း(၁၄)ခု ပူးပေါင်းပါဝင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် (၁၉)ဖွဲ့နှင့် ၂၀၁၉ ခုနှစ်တွင် (၁၇)ဖွဲ့တို့ ပါဝင်ခဲ့သည်။ အကဲဖြတ်ချက်ကိုပြင်ဆင်ခြင်းနှင့် ရေးသားထုတ်ဝေခြင်းတို့ကို အမေရိကန်ပြည်ထောင်စု ဒီမိုကရေစီ၊ လူ့ရပိုင်ခွင့်နှင့် လုပ်သားရေးရာ ဗျူရိုဌာန **(US DRL)** မှ ငွေကြေးရံပုံငွေဖြင့် **PEN America** က ထောက်ပံ့ကူညီသည်။ **PEN America** နှင့် **US DRL** တို့သည် ရမှတ်များ တွက်ချက်ခြင်း၊ နိုင်ငံတော်၏တိုးတက်မှုအပေါ် အကဲဖြတ်ခြင်းတို့၌ ပါဝင်ပတ်သက်ခြင်းမရှိပါ။

အကဲဖြတ်ချက်၌ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကဏ္ဍ (၆)ရပ် ပါရှိသည်။ ကဏ္ဍတစ်ခုစီ၌ အညွှန်းကိန်း (၅) ချက်ပါရှိသည်။ သို့ဖြစ်၍ စုစုပေါင်းအညွှန်းကိန်း(၃၀) ပါရှိသည်။ ဤကဏ္ဍ(၆)ခုနှင့် အညွှန်းကိန်း(၃၀)တို့ကို လွတ်လပ်စွာ

ရေးသားထုတ်ဖော်ပြောဆိုခွင့်အပေါ် အလုံးစုံခြုံငုံနားလည်သုံးသပ်နိုင်ရန် **PEN Myanmar** က ရွေးချယ်ပါသည်။ ဤကဏ္ဍ(၆)ခုနှင့် အညွှန်းကိန်း(၃၀)တို့သည် ယခင်အကဲဖြတ်များနှင့်သဘောကိုက်ညီမှု ရှိပါသည်။

ဤအစီရင်ခံစာ၌ ပါရှိသော အကဲဖြတ်ချက် ရမှတ်များနှင့် ကြောင်းကျိုးဖော်ပြချက်တို့သည် ၂၀၂၀ ပြည့်နှစ် ဇွန်လ(၁) ရက်နေ့တွင် **PEN Myanmar** က ကြီးမှူးကျင်းပခဲ့သော မိတ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် အသေးစိတ်အွန်လိုင်းဆွေးနွေး ချက်များကို အခြေခံပါသည်။ ဆွေးနွေးချက်များသည် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကဏ္ဍ(၆)ခုနှင့် အညွှန်းကိန်း (၃၀)တို့ကို အခြေပြု၍ ဆွေးနွေးခဲ့ကြပါသည်။

**PEN Myanmar** က လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်နယ်ပယ်၌ လုပ်ကိုင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံကို အခြေခံလျက် ပါဝင်ရမည့်မိတ်ဖက်အဖွဲ့အစည်းများကို ရွေးချယ်ခဲ့သည်။ လူ့ရပိုင်ခွင့်၊ မီဒီယာနှင့်ဥပဒေပညာရှင်အဖွဲ့အစည်းများ ပါဝင်ဆွေးနွေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် အဖွဲ့အစည်း(၁၃)ခု ပါဝင်ဆွေးနွေးခဲ့သည်(ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော အဖွဲ့အစည်း (၁၃)ခု၏ အမည်စာရင်းကို နောက်ဆက်တွဲတွင် ကြည့်ရှုနိုင်ပါသည်။)။ ယခင်နှစ်များတွင် မေလ(၃)ရက်နေ့၌ ကျရောက်သော ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့အထိမ်းအမှတ်အဖြစ် ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ယခုနှစ်၌ **COVID-19** ကမ္ဘာ့ကပ်ရောဂါကြောင့် တွေ့ဆုံဆွေးနွေးပွဲကို ရက်ရွှေ့ဆိုင်းခဲ့ရသည်။

အဆိုပါ အွန်လိုင်းဆွေးနွေးပွဲတွင် မိတ်ဖက်ကျွမ်းကျင်ပညာရှင်များသည် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကဏ္ဍ တစ်ရပ်စီနှင့်ဆက်စပ်၍ ယခင်နှစ်က တိုးတက်ပြောင်းလဲမှုများအပေါ် အကျဉ်းချုပ်ဆွေးနွေးမှုများဖြင့် တင်ပြခဲ့ပြီး ပါဝင်သူအားလုံးက ဆွေးနွေးခဲ့ကြသည်။ ဤအစီရင်ခံစာ၌ ပါရှိသော အမှတ်ပေးမှု၊ ပါဝင်သောအကြောင်းအရာနှင့် ကိုးကားချက်များသည် အဆိုပါ အကဲဖြတ်အစည်းအဝေးအတွင်း ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးခဲ့ကြသောအမြင်များကို ကိုယ်စားပြုပါသည်။ ယင်းအမြင်များသည် မိတ်ဖက်အဖွဲ့အစည်းတစ်ခုချင်းစီ၏ မူပိုင်ဟု မယူဆနိုင်ပါ။

ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းတစ်ခုစီသည် အညွှန်းကိန်း(၃၀)၏ တစ်ခုချင်းစီကို ပေးမှတ်တစ်ခုစီ ပေးခဲ့ကြသည်။ ရမှတ်များကို ပျမ်းမျှတွက်ချက်၍ စုစုပေါင်းပျမ်းမျှရမှတ်ကို ထုတ်ပြန်ပါသည်။ ပေးမှတ်များကို အောက်ပါမှု အတိုင်း ပေးခဲ့ကြခြင်းဖြစ်သည်။

| | |
|---|---|
| **၀ မှတ်** | **- ဆုတ်ယုတ်ကျဆင်းမှု (ယခင်နှစ်အတွင်း)** |
| **၀.၅ မှတ်** | **- အနည်းငယ်ဆုတ်ယုတ်ကျဆင်းမှု** |
| **၁ မှတ်** | **- ပြောင်းလဲမှု မရှိ** |
| **၁.၅ မှတ်** | **- အခြေတည်စ တိုးတက်မှုနှင့်/သို့မဟုတ် အပြောင်းအလဲလုပ်ရန် ကတိကဝတ် ပြုမှုရှိ** |
| **၂ မှတ်** | **- ထူးခြားတိုးတက်မှု** |

၂၀၂၀ ပြည့်နှစ်တွင် အချက်အလက်များ ကောက်ယူရာ၌ ပါဝင်ဆွေးနွေးသူများအနေဖြင့် ပိုမိုအနုစိတ်သော ပေးမှတ်များ ပေးနိုင်ရန် သုတေသနနည်းစနစ်ကို အပြောင်းအလဲလုပ်ထားပါသည်။

ပျမ်းမျှပေးမှတ်များကို အရောင်များဖြင့် ခွဲခြားထားပါသည်။ ၀ မှတ်မှ ၀.၅၀ မှတ် (ဆုတ်ယုတ်ကျဆင်းမှု)အတွက် "အနီရောင်"၊ ၀.၅၁ မှတ်မှ ၁.၀၀ မှတ် (အနည်းငယ် ဆုတ်ယုတ်ကျဆင်းမှု)အတွက် "အဝါရောင်"၊ ၁.၀၁ မှတ်မှ ၁.၅၀ မှတ်(အခြေတည်စတိုးတက်မှု)အတွက် "အစိမ်းရောင်"နှင့် ၁.၅၁ မှတ်မှ ၂.၀၀ မှတ် (ထူးခြားတိုးတက်မှု)အတွက် "အပြာရောင်" တို့ ဖြစ်သည်။

## ကန့်သတ်ချက်များ

ဤအကဲဖြတ်ချက်သည် ရွေးချယ်ထားသော မိတ်ဖက်အဖွဲ့အစည်းများ၏ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအပေါ် အခြေခံပါသည်။ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် လုပ်ဆောင်နေကြသော ပုဂ္ဂိုလ်များ၏ အတွေ့အကြုံ နှင့်ထင်မြင်ယူဆချက်တို့ကို တင်ပြထားခြင်းဖြစ်သည်။ ဤအကဲဖြတ်ချက်သည် အချက်အလက်မည်ကာမတ္တ၊ အချက်အလက်ဗဟိုပြု လေ့လာချက်ထက် နှိုင်းယှဉ်လေ့လာခြင်း၊ အရည်အသွေးဆိုင်ရာဆန်းစစ်လေ့လာချက် ဖြစ်သည်။

မိတ်ဖက်အဖွဲ့အစည်းတစ်ခုချင်းစီ၌ မတူညီသောအတွေ့အကြုံများ၊ ကျွမ်းကျင်မှုဆိုင်ရာနယ်ပယ်များ ရှိကြသည်။ အချို့သည် ကဏ္ဍတစ်ခုတည်း၌ ဖောင်းပေးလုပ်ဆောင်နေကြပြီး ဆိုင်ရာအချက်အလက်များ အနည်းနှင့်အများစုစည်းပိုင်ဆိုင်ထားသူများ ဖြစ်သည်။ သို့ရာတွင် မိတ်ဖက်ပါဝင်ဆွေးနွေးသူများအားလုံး၏ ပေးမှတ်များကို စုစုပေါင်း၍ ပျမ်းမျှတွက်ချက်ရသည်ဖြစ်ရာ နှိုင်းယှဉ်ကြည့်ပါက အပေါင်းလက္ခဏာသဘောသာမက အနုတ်လက္ခဏာသဘောဆောင်သည့် ထင်မြင်ယူဆချက်များကို ချိန်ညှိထားသော ယေဘုယျ သဘောဆောင်သည့်ရလဒ်သာ ရရှိပါသည်။

ဤအကဲဖြတ်ချက်တွင် မိမိကိုယ်ကို ဆင်ဆာဖြတ်တောက်ခြင်း၊ စုံလင်ကွဲပြားခြင်းစသည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာကဏ္ဍရပ်များ မပါရှိပါ။

## လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကဏ္ဍ(၆)ရပ်

### ကဏ္ဍ(၁)။ ။ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ

ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အမိန့်ညွှန်ကြားချက်များသည် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို အကာအကွယ်ပြုသော လွှမ်းစွာအရေးပါသည့်ကဏ္ဍဖြစ်သည်။ ကောင်းမွန်သောဥပဒေများ ရှိနေပါက ပြည်သူများသည် မိမိတို့၏ခံစားချက်များ၊ အတွေ့အကြုံများကို ကြောက်ရွံ့ခြင်းကင်းမဲ့စွာ ရေးသားဖော်ထုတ်ပြောဆိုစေနိုင်ရန် အာမခံချက်ရှိနေသည်။ ဆိုးဝါးသော ဥပဒေများရှိနေပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပါဝင်ရန် ကြိုးစားနေသည့် ပြည်သူများအား ချုပ်ချယ်ခြင်း၊ ဖိနှိပ်ခြင်း၊ အပြစ်ဒဏ်ပေးခြင်းစသည့် လုပ်ဆောင်နိုင်ခွင့်ကို အာဏာပိုင်များက ရရှိနေမည် ဖြစ်သည်။

**<u>အကဲဖြတ်ဆွေးနွေးခြင်း၌ တင်ပြထားသော အညွှန်းကိန်းများ</u>**

| ခေါင်းစဉ် | ဖော်ပြချက် | ၂၀၂၀ ပြည့်နှစ် ပေးမှတ် |
|---|---|---|
| **နိုင်ငံတကာစံချိန်စံညွှန်းများ** | ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် နိုင်ငံတော်က ဥပဒေပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာလုပ်ခဲ့ပါသလား။ | ၀.၆၀ |
| **အသစ်ပြဋ္ဌာန်းသော နှင့်/သို့မဟုတ် ပြင်ဆင်ထားသော ဥပဒေများ/နည်းဥပဒေများ** | ပြီးခဲ့သည့်နှစ်အတွင်း ဥပဒေအသစ်များ သို့မဟုတ် နည်းဥပဒေအသစ်များ တစ်စုံတစ်ရာရှိခဲ့ပါသလား။ ရှိခဲ့ပါက ယင်းတို့သည် လွတ်လပ်စွာရေးသားထုတ်ဖော် ပြောဆိုခွင့် အား အားပေးပါသလား သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ပါသလား။ တည်ဆဲဥပဒေများ သို့မဟုတ် နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတစ်စုံတစ်ရာ လုပ်ခဲ့ပါသလား။ လုပ်ခဲ့ပါက ထိုသို့ပြုလုပ်ခြင်းသည် လွတ်လပ်စွာ ရေးသား ထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံပါသလား သို့မဟုတ် နှိပ်ကွပ်ပါသလား။ | ၀.၈၅ |
| **အများပြည်သူထံ အကြံဉာဏ်တောင်းခံမှု** | ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့် နှင့်စပ်လျဉ်းသည့် ဥပဒေများနှင့်ပတ်သက်၍ အများပြည်သူထံ အကြံဉာဏ်တောင်းခံမှုများ ရှိခဲ့ပါသလား။ ရှိခဲ့ပါက ပါဝင်ပတ်သက်သူများနှင့် အများပြည်သူထံမှ အကြံဉာဏ်ပြန်ပေးရန် လုံလောက်သည့်အချိန် ရခဲ့ပါသလား။ အကြံဉာဏ်တောင်းခံမှုများကို လူသိရှင်ကြားထုတ်ပြန်ကြေညာခဲ့ပါသလား။ | ၀.၇၅ |
| **ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်မှု** | ပြီးခဲ့သည့်နှစ်အတွင်း (စာရွက်စာတမ်းပေါ်တွင် ချရေးမထားသည့် တရားမဝင် လုပ်ထုံးလုပ်နည်းများအပါအဝင်) ဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုက နိုင်ငံတော်အဆင့် နှင့်/သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို နှောင့်ယှက်ဟန့်တားခဲ့ပါသလား။ | ၀.၇၀ |

| | | |
|---|---|---|
| **အများပြည်သူ ကြားသိမြင်မှု/ ပညာပေးဆွေးနွေးမှု** | ပြီးခဲ့သည့်နှစ်အတွင်း ပါဝင်ပတ်သက်သူများနှင့် အများပြည်သူတို့အား ဥပဒေအသစ်များကို သိမြင်အောင်နှင့် နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးခဲ့ပါသလား။ | ၀.၇၀ |
| **စုစုပေါင်းပျမ်းမျှ = ၀.၇၂ (အနည်းငယ်ဆုတ်ယုတ်ကျဆင်း)** | | |

**အလေးပေးဆွေးနွေးချက်များ**

**“ကတိတွေ ပေးထားခဲ့ပေမယ့် အခုအချိန်အထိ အပြုသဘောဆောင်တဲ့ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်တာ မတွေ့ရဘူး”**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

လွန်ခဲ့သောနှစ်က ဥပဒေအသစ်နှစ်ရပ် ချမှတ်ပြဋ္ဌာန်းခဲ့သည်။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ ဖြစ်ကြသည်။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် အစိုးရက ထိန်းသိမ်းထားသော သတင်းအချက်အလက်များကို ဝင်ရောက်လေ့လာဖတ်ရှုနိုင်ခွင့်အား ကန့်သတ်ချုပ်ချယ်ထားသည်။ သတင်းအချက်အလက်တို့ကို မိမိစိတ်ကြိုက် ထိန်းသိမ်းလျှို့ဝှက်နိုင်ပြီး အချက်အလက်များကို ပုံနှိပ်ထုတ်ဝေသူများအား အရေးယူနိုင်ရန် အခွင့်အလမ်း ရှိနေသည်။ အစိုးရသည် အမုန်းစကား မပြန့်ပွားရေး **(Hate Speech Directive)** ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ သို့သော် အဆိုပါ ညွှန်ကြားချက်၌ “အမုန်းစကား”၏ ဝေဝါးပြီး အလွယ်တကူအလွဲသုံးနိုင်သော အဓိပ္ပာယ်တစ်ခု ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။ ထို့အပြင် သက်ဆိုင်ရာ အရာရှိများ၏ လက်တွေ့လုပ်ဆောင်ရမည့် ဝတ္တရားများမှာ သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း မရှိချေ။ သို့ဖြစ်ရာ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကိုပင် တိုက်ခိုက်ရန် အသုံးပြု၍ ရနေသည်။

**“အစိုးရရဲ့လွှတ်တော်ဟာ ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်ဖို့ အခွင့်အရေးမျိုးကို အမြဲငြင်းဆိုနေတယ်”**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

ဥပဒေမူကြမ်းများစွာ (အချို့မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းက ထောက်ခံပြီး အချို့ကို ကန့်ကွက်ခဲ့ကြ)သည် ရှေ့မဆက်နိုင်သေးဘဲ လွှတ်တော်ထဲ၌သာ အသက်မဝင်ဘဲ ရှိနေကြဆဲဖြစ်သည်။ အဆိုပါ အသက်ဝင်ခြင်းမရှိသေးသော ဥပဒေကြမ်းများထဲတွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်ချက်မူကြမ်း(ဆိုင်းငံ့)၊ သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေမူကြမ်း(ဆိုင်းငံ့)၊ အမုန်းစကားဥပဒေမူကြမ်း(ဆိုင်းငံ့)နှင့် သတင်းမီဒီယာဥပဒေပြင်ဆင်ချက်မူကြမ်း(ဆိုင်းငံ့)တို့ ပါဝင်သည်။ ယခင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအစိုးရ(အရပ်သားတစ်ပိုင်းအစိုးရ)လက်ထက်တွင် ပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေသည်လည်း အသက်ဝင်ခြင်းမရှိသေးသော နည်းဥပဒေများဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးချေ။ အစိုးရအနေဖြင့် ဤဥပဒေမူကြမ်းများ၏အခြေအနေ သို့မဟုတ် အချိန်ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ ပြည်သူလူထုကို အသိပေးခြင်းမရှိဘဲ ဆွေးနွေးတိုင်ပင်ရာတွင်လည်း အကန့်အသတ်ရှိခြင်း သို့မဟုတ် ဆွေးနွေးတိုင်ပင်မှု မရှိခြင်းကို တွေ့ရသည်။

**“ပြုပြင်ပြောင်းလဲရေးတိုင်းဟာ အပေါ်ယံမျှသာပဲ ဖြစ်တယ်”**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

ယခင်အစိုးရများလက်ထက်တွင် အသုံးပြုခဲ့သော ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို လက်ရှိအစိုးရသည် ဆက်လက်ကျင့်သုံးလာခဲ့သည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဖြတ်တောက်မှုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် စတင်ခဲ့ပြီး ဆက်သွယ်ရေးဥပဒေအောက်တွင် အကျုံးဝင်စေခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် တိုင်းရင်းသားလူနည်းစု အခွင့်အရေးချိုးဖောက်မှုများကို သတိပြုလာအောင် လုပ်ဆောင်နေသည့် တက်ကြွလှုပ်ရှားသူများ၏ ဝက်ဘ်ဆိုက်များနှင့် အခြားသတင်းမီဒီယာ ဝက်ဘ်ဆိုက်များအပါအဝင် ဝက်ဘ်ဆိုက်များကိုလည်း ဖြတ်တောက်ရန် ညွှန်ကြားလာခဲ့သည်။

ဆွေးနွေးပွဲတွင် ပါဝင်ကြသူများ၏ စိုးရိမ်ပူပန်မှုမှာ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အချက်များအား တစ်စိတ်တစ်ပိုင်းအကာအကွယ်ပေးနေသောဥပဒေအနည်းငယ်ကို နိုင်ငံတစ်ဝန်း၌ ကျင့်သုံးရာတွင် လူတိုင်းအတွက် သာတူညီမျှ ကျင့်သုံးနိုင်မှု

မရှိခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ပြစ်မှုသဖွယ် အရေးယူသောဥပဒေများကို တိုင်းရင်းသား လူနည်းစုများအား အရေးယူရန် ပိုမိုအသုံးပြုခဲ့သည်ဟု ယူဆနိုင်ဖွယ်ရှိသည်။

**ကဏ္ဍ(၂)။ ။ သတင်းမီဒီယာ အမှီအခိုကင်းမှုနှင့် လွတ်လပ်မှု**

နိုင်ငံတော်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် ဝေဖန်ထောက်ပြရာတွင် လွတ်လပ်ပြီး အမှီအခိုကင်းသော မီဒီယာသည် အရေးပါသောအခန်းကဏ္ဍ၌ ရှိနေသည်။ “လွတ်လပ်မှု”ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် မည်သည့်အဆိုးသဘော အကျိုးဆက်များကိုမျှ ရင်ဆိုင်ရန် မလိုဘဲ အမှန်တရားကို ပြောဆိုနိုင်ခြင်း၊ အစဉ်မပြတ်စောင့်ကြည့်အကဲခတ်ခြင်းနှင့် တူးဆွဖော်ထုတ် သတင်းရယူမှု လုပ်ဆောင်နိုင်ခြင်းကို ဆိုလိုသည်။ “အမှီအခိုကင်းမှု”ဟူသော စကားလုံး၏အဓိပ္ပာယ်သည် နိုင်ငံတော် သို့မဟုတ် အခြားအာဏာရှိသောပုဂ္ဂိုလ်များ၏ဩဇာ မသက်ရောက်စေဘဲ မီဒီယာများအနေဖြင့် သီးခြားရပ်တည်လှုပ်ရှားနေနိုင်ခြင်းကို ဆိုလိုသည်။

**<u>အကဲဖြတ်ဆွေးနွေးခြင်း၌ တင်ပြထားသော အညွှန်းကိန်းများ</u>**

| ခေါင်းစဉ် | ဖော်ပြချက် | ၂၀၂၀ ပြည့်နှစ် ပေးမှတ် |
|---|---|---|
| **ဥပဒေအရ အရေးယူမှုများ** | ပြီးခဲ့သည့်နှစ်အတွင်း မီဒီယာအပေါ် ဥပဒေအရ အရေးယူမှုအသစ်များ သို့မဟုတ် အရေးယူဆဲ အမှုများမှာ တရားမျှတမှု ရှိပါရဲ့လား။ ယင်းတို့သည် မီဒီယာအမှီအခိုကင်းမှု အပေါ် နှိပ်ကွပ်မှုပြုခဲ့ပါသလား။ | ၀.၆၀ |
| **သတင်းမီဒီယာကောင်စီ** | ပြီးခဲ့သည့်နှစ်အတွင်း သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာကဏ္ဍကို ထိထိရောက်ရောက် ကိုယ်စားပြုခဲ့ပါသလား/ထောက်ခံမှုပြုခဲ့ပါသလား။ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ကောင်စီဝင်များမှာ တရားမျှတမှု ရှိပါရဲ့လား၊ ပွင့်လင်းမြင်သာမှုရှိပါရဲ့လား။ | ၁.၂၀ |
| **နိုင်ငံတော်ပိုင်မီဒီယာ** | ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ပိုင်မီဒီယာ ပိတ်သိမ်းရေးကြိုးပမ်းမှုများအပါအဝင် နိုင်ငံတော်(အစိုးရနှင့် စစ်ဖက်)မီဒီယာများ၏ အခွင့်အာဏာနှင့်အခွင့်ထူးခံမှုများအား ပြည့်ဖုံးကားချရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပါသလား။ | ၀.၃၅ |
| **ပုဂ္ဂလိကပိုင်မီဒီယာ** | ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကပိုင်/လွတ်လပ် အမှီအခိုကင်းသော မီဒီယာအတွက် တိုးတက်၍ လုပ်သာကိုင်သာ ရှိသော ပတ်ဝန်းကျင်အခြေအနေတစ်ရပ် ဖန်တီးရန် အခိုင်အမာ ကြိုးပမ်းအားထုတ်မှုများ လုပ်ခဲ့ပါသလား။ ပုဂ္ဂလိကပိုင်မီဒီယာတွင် ဘဏ္ဍာငွေရရှိရေး၊ အများပြည်သူသို့ ကြော်ငြာမှုပြုရေး၊ ဖြန့်ချိရေး ကွန်ရက်များ၊ ပုံနှိပ်တိုက်များ၊ ပံ့ပိုးမှုများ၊ အခွန်သက်သာခွင့်များ စသည့် ကျိုးကြောင်းဆီလျော်၍ နှင့်/သို့မဟုတ် တိုးတက်မှု ရှိသော အခွင့်အလမ်းများ ရှိခဲ့ပါရဲ့လား။ | ၀.၂၀ |
| **အထူးမီဒီယာလိုင်စင်** | ပြီးခဲ့သည့်နှစ်အတွင်း မီဒီယာအနေဖြင့် အထူးလိုင်စင်/မှတ်ပုံတင် ပြုလုပ်ရခြင်း ရှိနေဆဲလား။ မတူကွဲ ပြားစုံလင်သောမီဒီယာများ အနေဖြင့် လိုင်စင်ထုတ်ပေးရေးအဖွဲ့ ရှိသည့်ကြားမှ လုပ်ငန်းလည်ပတ်နိုင်ခဲ့ပါသလား။ | ၀.၈၀ |
| **စုစုပေါင်းပျမ်းမျှ = ၀.၆၃ (အနည်းငယ်ဆုတ်ယုတ်ကျဆင်း)** | | |

**အလေးပေးဆွေးနွေးချက်များ**

**"မီဒီယာအနေနဲ့ ဆက်လက်ရပ်တည်ဖို့ ပိုခက်လာတယ်။ ဒီကြားထဲ COVID-19 ကပ်ဆိုက်တော့ အရာရာ ပိုဆိုးဝါးသွားတာပေါ့"**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)

သတင်းထောက်များသည် တရားဝင် မှတ်ပုံတင်၍ စာနယ်ဇင်း အလုပ်လုပ်ခြင်းအတွက် ပြစ်မှုသဖွယ် အရေးယူခံရနေဆဲဖြစ်သည်။ လွန်ခဲ့သောနှစ်အတွင်း မီဒီယာလွတ်လပ်ခွင့်အပေါ် ခြိမ်းခြောက်မှုများ ပိုမိုမြင့်တက်ခဲ့သည်။ သတင်းထောက်များစွာသည် အစိုးရနှင့်တပ်မတော်က ရာဇသတ်ကြီးဥပဒေနှင့်အခြားဥပဒေများဖြင့် စွဲဆိုသောအမှုများကို ရင်ဆိုင်ခဲ့ကြရသည်။ အရေးယူမှုများကို တစ်မျိုးပြီးတစ်မျိုး ပုဒ်မတပ်၍ စွဲချက်တင်ခဲ့ကြသည်။

အကျဉ်းချုပ်ဆွေးနွေးတင်ပြကြသူများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု၏ ပြောရေးဆိုခွင့်ရှိသူ နှင့်အင်တာဗျူးကို ပုံနှိပ်ဖော်ပြခြင်းကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ၂၀၂၀ ပြည့်နှစ်၌ တရားစွဲဆိုခံရသော အယ်ဒီတာချုပ်တစ်ဦး၏ဖြစ်စဉ်ကို ဥပမာပေး ဆွေးနွေးခဲ့ကြသည်။ အဆိုပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို အကဲဖြတ်ဆွေးနွေးမှုမတိုင်ခင် ရက်သတ္တပတ်က "အကြမ်းဖက်အုပ်စု" ဟု အစိုးရက ကြေညာချက် ထုတ်ပြန်ထားခဲ့သည်။ ပြည်သူများ၏ဖိအားပေးမှုကြောင့် အဆိုပါတရားစွဲချက်ကို ရုပ်သိမ်းခဲ့သော်လည်း အယ်ဒီတာချုပ်အပေါ် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ခြင်းသည် မီဒီယာလွတ်လပ်ခွင့်ကို ခြိမ်းခြောက်ရာကျသည်။

သတင်းမီဒီယာကောင်စီ၏လုပ်ဆောင်ချက်အပေါ် ပါဝင်ဆွေးနွေးသူများအကြား သဘောကွဲလွဲချက်တစ်ခု ရှိခဲ့သည်။ ကောင်စီအနေဖြင့် အလားတူ အမှုကိစ္စများ လက်ခံရရှိနေပြီး အချို့သော တိုင်ကြားမှုများကို ကြားဝင်ညှိနှိုင်းပေးခဲ့သည်။ သို့သော် ကောင်စီအနေဖြင့် တပ်မတော်နှင့်ဆက်ဆံရေးကို လျှော့ချလျက်ရှိကြောင်း အစီရင်ခံတင်ပြခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကောင်စီသည် ကျင့်ဝတ်နှင့် မညီသော ဖေ့စ်ဘွတ်ခ်စာမျက်နှာများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ တစ်နည်းအားဖြင့် မီဒီယာကို သတိပေးသည့်သဘော သက်ရောက်သည်။ <u>သို့သော် အဆိုပါစာရင်းမှာ ကူးယူဖော်ပြခြင်းကင်းလွတ်ခွင့်မပါရှိဘဲ အခြားမီဒီယာများမှ ပြန်လည်ကူးယူပုံနှိပ်ခြင်းမျိုး ပြုလုပ်ခဲ့သည်။</u>

**"အစိုးရက မီဒီယာအတွက် သင့်တင့်လျောက်ပတ်တဲ့ အားပေးတဲ့ ပတ်ဝန်းကျင်တစ်ခုဖန်တီးဖို့ တာဝန်ရှိတယ်။ တကယ့်လက်တွေ့မှာတော့ ဘာမှမမြင်ဘူး"**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

ပုဂ္ဂလိကမီဒီယာအတွက် ဆက်လက်ရှင်သန်ရန် ပိုမိုခက်ခဲလာခဲ့သည်။ လွန်ခဲ့သောနှစ်အတွင်း သတင်းဌာနများစွာ ရပ်ဆိုင်းသွားခဲ့သည်။ COVID-19 ရောဂါကပ်ဆိုးကြီးသည် ရေမနစ်ရုံတမည် ခေါင်းကလေးပေါ်ရုံသာ ရှိတော့သော သတင်းဌာနများ၏ အခက်အခဲကို ရေနစ်သူ ဝါးကူထိုးသကဲ့သို့ ရှိခဲ့သည်။

အကျဉ်းချုပ်ဆွေးနွေးတင်ပြသူများသည် အစိုးရအနေဖြင့် တိုက်ရိုက်ဝင်ရောက်တားမြစ်ခြင်း မလုပ်သင့်ကြောင်းနှင့် ဤသို့လုပ်ဆောင်ခြင်းသည် မီဒီယာ၏ အမှီအခိုကင်းမှုကို ထိခိုက်စေနိုင်ကြောင်း တင်ပြခဲ့ကြသည်။ တစ်ပြိုင်နက်တည်းမှာပင် အစိုးရသည် မီဒီယာအခန်းကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် လုပ်ဆောင်ခဲ့ခြင်း မရှိခဲ့ချေ။ အစိုးရသည် မီဒီယာရှင်သန်ရေးကို အားပေးနိုင်ပြီး အစိုးရ၏ စွမ်းဆောင်ချက်များကို ဘက်ပေါင်းစုံမှ ကြေညာပေးနိုင်မည့်အရေးကို မလုပ်ဆောင်နိုင်ခဲ့ချေ။ ရွေးကောက်ပွဲများကို ဦးတည်သည့် အပြုသဘောဆောင်သောသတင်းများအား ပြည်သူများထံသို့ တင်ပြရာတွင် မီဒီယာ၏အရေးပါမှုကို နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများ သဘောပေါက်သိရှိလာသည်နှင့်အညီ မီဒီယာအပေါ် စိတ်ဝင်စားမှု ပိုမိုပြသလာခဲ့ကြသည်။ နိုင်ငံရေးပါတီများသည် မိတ်ဖက်ပုံစံမျိုးဖြင့် မီဒီယာကိုအသုံးချရန် ကြိုးစားလာကြသည်ဖြစ်ရာ မီဒီယာအနေဖြင့် အမှီအခိုကင်းစွာရပ်တည်ရန် လိုအပ်သည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဩဇာတိက္ကမကြီးသူများ၏သတင်းဌာနများ ဖွံ့ဖြိုးလာခြင်းသည် မီဒီယာအမှီအခိုကင်းမှုကို စိန်ခေါ်လျက်ရှိသည်။

**"နိုင်ငံတော် မီဒီယာကို ပိတ်ပစ်ဖို့ ရောင်းချပစ်ဖို့ ဆောင်ရွက်တာမျိုး လုံးဝမရှိခဲ့ပါဘူး"**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

အစိုးရသည် ဒီမိုကရေစီ အသွင်ပြောင်းရေး၏ ဆန့်ကျင်ဖက်ဖြစ်သော နိုင်ငံပိုင်မီဒီယာကို ပြုပြင်ပြောင်းလဲရန် မလုပ်ဆောင်

ဘဲ ဆက်လက်ထိန်းချုပ်ထားဆဲဖြစ်သည်။ ပုဂ္ဂလိကနှင့်အသိုက်အဝန်းတစ်ခုပိုင် ချန်နယ်သစ်များ ပေါ်ထွန်းလာစေနိုင်မည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေသည်လည်း ဆက်လက်အကောင်အထည်ဖော်ခြင်း မပြုဘဲ ရှိနေသည်။ အကျိုးဆက်အားဖြင့် ယာယီလိုင်စင်များဖြင့် ထူးခြားစွာ တင်ဆက်နေသော တီဗွီချန်နယ်အနည်းငယ်အပါအဝင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းကဏ္ဍသည် စုံလင်ကွဲပြားခြင်းမရှိသော၊ ဗဟုသဘောမဆောင်သောပုံစံဖြင့် နိုင်ငံတော်၏ တင်းကြပ်သောထိန်းချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်။ မီဒီယာအတွက် အထူးလိုင်စင်များ ချပေးရန် လိုအပ်သော်လည်း အဆိုပါ အထူးလိုင်စင်များသည် နိုင်ငံတကာဥပဒေအောက်တွင် ဒီမိုကရေစီလမ်းစဉ်မကျဟု ရှုတ်ချခံရနိုင်သည်။ အကျဉ်းချုပ်ဆွေးနွေးတင်ပြသူများက အဆိုပါအထူးလိုင်စင်များကို လျှောက် ထားသူအချို့သည် လိုင်စင်တစ်ခုရရန် တစ်နှစ်ကျော် စောင့်ဆိုင်းနေရဆဲဖြစ်သည်ဟု ရှင်းပြကြသည်။

## ကဏ္ဍ(၃)။ ။ ဒီဂျစ်တယ် လွတ်လပ်မှု

ဒီဂျစ်တယ်လွတ်လပ်မှု၌ အပိုင်းများစွာပါရှိရာ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ဒီဂျစ်တယ်ပတ်ဝန်းကျင်သည် မိမိတို့၏ဆန္ဒသဘောထား၊ ခံစားချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ခွင့်ရှိရုံသာမက သတင်းအချက်အလက်ကို ရင်းမြစ်မျိုးစုံမှ ရှာဖွေရယူနိုင်သော အခွင့်အလမ်းများကို ပေးစွမ်းနိုင်သည်။ သို့ရာတွင် ဤဒီဂျစ်တယ်ဝန်းကျင်၌လည်း လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အပေါ် ယခင်က ခြိမ်းခြောက်မှုများ ရှိသကဲ့သို့ ခြိမ်းခြောက်မှုအသစ်များလည်း ရှိလာခဲ့သည်။

**<u>အကဲဖြတ်ဆွေးနွေးခြင်း၌ တင်ပြထားသော အညွှန်းကိန်းများ</u>**

| ခေါင်းစဉ် | ဖော်ပြချက် | ၂၀၂၀ ပြည့်နှစ် ပေးမှတ် |
|---|---|---|
| **မူဝါဒများ** | ပြီးခဲ့သည့်နှစ်အတွင်း အချက်အလက်ပိုင်ဆိုင်ခွင့်၊ အချက်အလက်ကာကွယ်စောင့်ရှောက်မှုနှင့် ရပိုင်ခွင့်(အင်တာနက်သို့ဝင်ရောက်မှု၊ ဈေးနှုန်း၊ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း စသည်ဖြင့်)အပါအဝင် ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်ကို အထောက်အပံ့ပေးသည့်၊ တိုးတက်အောင် ပြုလုပ်ပေးသည့် နိုင်ငံတော်မူဝါဒများ ရှိခဲ့ပါသလား။ | ၀.၆၀ |
| အွန်လိုင်းရေးသား ထုတ်ဖော်ပြောဆိုမှု | ပြီးခဲ့သည့်နှစ်အတွင်း စာရေးဆရာများ၊ ဘလော့ဂ်ဂါများနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များ အနေဖြင့် အွန်လိုင်းပေါ်တွင် တက်တက်ကြွကြွပါဝင်ပြီး ပို့စ်များ တင်နိုင်ခဲ့ပါသလား။ | ၀.၇၀ |
| **ဥပဒေအရ အရေးယူမှုများ** | ပြီးခဲ့သည့်နှစ်အတွင်း တစ်ဦးချင်းလူပုဂ္ဂိုလ်များအပေါ် ယင်းတို့၏ ရေးသားထုတ်ဖော်ပြောဆိုမှုများအတွက် ဥပဒေအရ အရေးယူမှုများ ရှိခဲ့ပါသလား။ (ဥပမာ - ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် သို့မဟုတ် အခြားပုဒ်မများဖြင့်) | ၀.၅၅ |
| ပုဂ္ဂလိကလွတ်လပ်ခွင့်/ စောင့်ကြည့်ထောက်လှမ်းမှု | ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် အွန်လိုင်းပုဂ္ဂလိကလွတ်လပ်ခွင့်ကို ကာကွယ်ပေးရန် လုပ်ဆောင်ခဲ့ပါသလား သို့မဟုတ် အွန်လိုင်းစောင့်ကြည့်ထောက်လှမ်းမှု/စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့ပါသလား။ ဆိုက်ဘာရာဇဝတ်မှုဥပဒေကြမ်းနှင့် ပတ်သက်သော အရေးယူဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ခဲ့ပါသလား။ အထူးသဖြင့် အွန်လိုင်းလွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား ဟန့်တားနှောင့်ယှက်မှုမပြုရေးကို အာမခံခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့ပါသလား။ | ၀.၄၅ |
| **အမုန်းစကား/ အန္တရာယ်ဖြစ်စေသောစကား** | ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် အမုန်းစကား/ အန္တရာယ်ဖြစ်စေသောစကား၊ သတင်းမှားနှင့်လုပ်ကြံသတင်းများအား ထိထိရောက်ရောက် တုံ့ပြန်ဆန့်ကျင်တိုက်ဖျက်ရန် လုပ်ဆောင်ခဲ့ပါသလား။ | ၀.၅၀ |
| **စုစုပေါင်းပျမ်းမျှ = ၀.၅၆ (အနည်းငယ်ဆုတ်ယုတ်ကျဆင်း)** | | |

**အလေးပေးဆွေးနွေးချက်များ**

**“အင်တာနက်ဖြတ်တောက်မှုရှိခဲ့ပြီး အခုဆိုရင် ဝက်ဘ်ဆိုက်တွေ ပိတ်ဆို့မှုတွေရှိတော့ ကျွန်တော်တို့က ဝ (သုည) မှတ်ပေးတာ ဖြစ်တယ်”**

(အကဲဖြတ်ဆွေးနွေးပွဲအစီအစဉ်တွင် ပါဝင်သူတစ်ဦး၏မှတ်ချက်)

၂၀၁၉ ခုနှစ် ဇွန်လ၌ ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် မိုဘိုင်းအချက်အလက်ရယူမှုအားလုံးကို ပိတ်ဆို့ရန်အတွက် ယခင်က အသုံးပြုခြင်း မရှိခဲ့သော ဆက်သွယ်ရေးဥပဒေကို အစိုးရက လက်တွေ့ကျင့်သုံးခဲ့သည်။ အစိုးရ၏ညွှန်ကြားချက်ကို လူသိရှင်ကြား မကြေညာခဲ့ချေ။ ယနေ့တိုင် မပြတ်မသား မရှင်းမလင်း ရှိနေဆဲဖြစ်သည်။ သက်ဆိုင်ရာအရာရှိတစ်ဦးက သတင်းထောက်တစ်ဦးကိုပြောသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ နယ်မြေပြောင်းရွှေ့ခြင်းကို ဟန့်တားနိုင်ရန်နှင့် နိုင်ငံတော်၏လုံခြုံရေးကို ကာကွယ်ရန်အတွက် ညွှန်ကြားခဲ့ကြောင်း သိရှိရသည်။

အင်တာနက်ဖြတ်တောက်မှုသည် တစ်နှစ်ကျော်ကာလအတွင်း သတ်မှတ်နေရာ ရွှေ့ပြောင်းသွားခဲ့သော်လည်း ဖြတ်တောက်မှု ရှိနေဆဲဖြစ်သည်။ ဤသို့အင်တာနက်ဖြတ်တောက်မှုသည် လူဦးရေတစ်သန်းကျော်ကို ထိခိုက်စေခဲ့ပြီး ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး အင်တာနက်ဖြတ်တောက်မှုဖြစ်သည်။ အဆိုပါဖြတ်တောက်မှုကြောင့် ထိခိုက်သော နယ်မြေများအပေါ် နက်ရှိုင်းကျယ်ပြန့်စွာ ဆိုးကျိုးဖြစ်ပေါ်စေခဲ့သော်လည်း တိုက်ပွဲများကို သိသာထင်ရှားစွာ ဟန့်တားနိုင်ခြင်းမရှိ၊ ပိုမို၍ပင် ဆိုးဝါးပြင်းထန်လာခဲ့သည်။ အင်တာနက်လိုင်းများ ပြန်လည်ဖွင့်ပေးရန် လူထုက တောင်းဆိုခဲ့သော်လည်း မသိကျိုးကျွံလုပ်နေခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ယခင်က အသုံးပြုခဲ့သော ဆက်သွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်ကို လက်တွေ့ကျင့်သုံးပြီး ဝက်ဘ်ဆိုက်များကို ပိတ်ဆို့ရန် ညွှန်ကြားခဲ့သည်။ မူလပထမ ညွှန်ကြားချက်၌ပင် ဝက်ဘ်ဆိုက်များစွာကို ပိတ်ဆို့ခဲ့ပြီးဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း အစိုးရသည် ယင်း၏ ညွှန်ကြားချက်များကို လူသိရှင်ကြား မကြေညာခဲ့ဘဲ လူထုအနေဖြင့် ဝက်ဘ်ဆိုက်ပိတ်ဆို့ခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များအတွက် တယ်လီကွန်းအော်ပရေတာများကိုသာ အားကိုးခဲ့ကြသည်။

ပိတ်ဆို့ခဲ့သော ဝက်ဘ်ဆိုက်များစာရင်းကို တရားဝင်ကြေညာခဲ့ခြင်း မရှိပေ။ သို့သော် လေ့လာချက်အရ ကလေးသူငယ်အပေါ် အလွဲသုံးစားလုပ်သော ဝက်ဘ်ဆိုက်များနှင့် အကြမ်းဖက်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေနေသော ဝက်ဘ်ဆိုက်များစွာကို ပိတ်ဆို့သောစာရင်းတွင် တွေ့ရှိရသည်။ သို့ရာတွင် တိုင်းရင်းသားလူနည်းစုများအပေါ် အကြမ်းဖက်မှုများကို သတိပြုလာစေရန် နှိုးဆော်နေသော တက်ကြွလှုပ်ရှားသူများ၏ ဝက်ဘ်ဆိုက်များနှင့် သတင်းမီဒီယာဝက်ဘ်ဆိုက်များအပါအဝင် တရားဝင်ဝက်ဘ်ဆိုက်များလည်း အဆိုပါစာရင်းတွင် ပါဝင်နေသည်။ ဝက်ဘ်ဆိုက်များစွာတို့မှာ မကြာမီကာလအတွင်း နိုင်ငံတော်နှင့် ပဋိပက္ခဖြစ်ခဲ့သောရာဇဝင်ရှိသည့် တိုင်းရင်းသားနယ်မြေများ၌ အခြေစိုက်သော တိုင်းရင်းသားမီဒီယာတို့၏ သတင်းဝက်ဘ်ဆိုက်များ ဖြစ်ကြသည်။

**“အဲဒီ ဥပဒေတွေကိုသုံးပြီး အွန်လိုင်းပေါ်က လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို အချိန်မရွေး လက်တစ်လုံးခြား အသုံးချနိုင်တယ်”**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

အစိုးရသည် ဆင်းကဒ်ပိုင်ဆိုင်မှုကို ခြေရာခံရှာဖွေနိုင်ရန် ပိုမိုကြိုးပမ်းခဲ့သည်။ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်အသေးစိတ်များကို တယ်လီကွန်းအော်ပရေတာများထံ အတင်းအကြပ် မှတ်ပုံတင်ခိုင်းသည်။ အချို့သော တယ်လီကွန်းအော်ပရေတာများသည် တရားဝင်ဘောင်အတွင်းမှ ပေးရန်မလိုသော သတင်းအချက်အလက်များကို အသုံးပြုသူများထံမှ ရယူလျက် ရှိသည်။ မှတ်ပုံတင်မထားသူများ သို့မဟုတ် ဆင်းကဒ်များစွာ မှတ်ပုံတင်ထားသူများကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီး ယင်းတို့သုံးခဲ့သော ဆင်းကဒ်များစွာကို အလုပ်မလုပ်ဆောင်နိုင်အောင် ရပ်စဲပစ်မည်ဖြစ်သည်။

တစ်ပြိုင်နက်တည်းမှာပင် ရယူနေသော သတင်းအချက်အလက်၏ ပုဂ္ဂလိကလုံခြုံမှုများကို အကာအကွယ်ပေးမည့် သတင်းအချက်အလက်ကာကွယ်ရေး ဥပဒေ ရှိမနေပေ။

**“COVID-19 နဲ့ ပတ်သက်ပြီး အွန်လိုင်းမှာ မမှန်သတင်းတွေ အများကြီး ပျံ့နှံ့နေတယ်”**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏မှတ်ချက်)

မကြာသေးမီက ဖြစ်ပွားခဲ့သော **COVID-19** နှင့်ဆက်စပ်လျက် သတင်းအမှားများအပါအဝင် အမုန်းစကားများ၊ သတင်းအမှား၊ ပုံဖျက်သတင်းနှင့် ဝါဒဖြန့်ချိနေသော သတင်းတို့မှာ မြန်မာနိုင်ငံ၏ အွန်လိုင်းပြဿနာတစ်ခုအဖြစ် ရှိနေသည်။ ပါဝင်ဆွေးနွေးသူများသည် အွန်လိုင်းတွင် ပျံ့နှံ့နေသော ပြဿနာကိစ္စတစ်ခုကို တွေ့ရှိပါက မည်သို့မျှတားဆီး၍မရသကဲ့သို့ ခံစားရပြီး လူမှုမီဒီယာကွန်ရက်အတွင်း တုံ့ပြန်မှုများသည်လည်း ကျေနပ်ဖွယ်မရှိကြောင်း ဆွေးနွေးကြသည်။

## ကဏ္ဍ(၄)။ ။ လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်

ပြည်သူတို့သည် ဆန္ဒထုတ်ဖော်လိုပါက လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် နှစ်မျိုးလုံးရှိရမည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာ စုဝေးခွင့်သည် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် နီးကပ်စွာ ဆက်စပ်နေသည်။ မိမိ၏ထင်မြင်ယူဆချက်များကို ကိုင်ဆောင်ထားခွင့်သည်(မည်သို့ပင် လက်မခံနိုင်စရာ ထင်မြင်ယူဆချက်ပင် ဖြစ်နေပါစေ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် များစွာအရေးပါသည်။ မိမိ၏ထင်မြင်ယူဆချက်များကို ကိုင်ဆောင်ထားခွင့်သည် နိုင်ငံတော်အစိုးရက မည်သည့်အကြောင်းပြချက်ဖြင့်ပင် ထိန်းချုပ်ကန့်သတ်၍ မရသော လူသား၏ အကြွင်းမဲ့ရပိုင်ခွင့် ဖြစ်သည်။

**<u>အကဲဖြတ်ဆွေးနွေးခြင်း၌ တင်ပြထားသော အညွှန်းကိန်းများ</u>**

| ခေါင်းစဉ် | ဖော်ပြချက် | ၂၀၂၀ ပြည့်နှစ် ပေးမှတ် |
|---|---|---|
| **နိုင်ငံတကာစံချိန်စံညွှန်းများ** | ပြီးခဲ့သည့်နှစ်အတွင်း အစိုးရအနေဖြင့် လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ခဲ့ပါသလား။ | ၀.၇၅ |
| **လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်** | ပြီးခဲ့သည့်နှစ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ စာရေးဆရာများ၊ သတင်းသမားများနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များအနေဖြင့် သူတို့၏သဘောထားအမြင်များအား လွတ်လပ်စွာ ဖော်ပြနိုင်ခဲ့ပါရဲ့လား။ စုဝေးမှု၊ ဆန္ဒပြမှုများအား ပြုလုပ်နိုင်ခဲ့ပါရဲ့လား။ ဖန်တီးမှုပါသော ထုတ်ဖော်ပြသမှုများတွင် ပါဝင်လုပ်ဆောင်နိုင်ခဲ့ပါရဲ့လား။ | ၀.၅၀ |
| **ဥပဒေအရ အရေးယူမှုများ** | ပြီးခဲ့သည့်နှစ်အတွင်း ဥပဒေအရ အရေးယူမှုအသစ်များ သို့မဟုတ် အရေးယူဆဲအမှုများအနေဖြင့် လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်များကို အားပေးခဲ့ပါသလား သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ခဲ့ပါသလား။ | ၀.၅၀ |
| **ခွင့်ပြုချက်** | ပြီးခဲ့သည့်နှစ်အတွင်း စုဝေးခွင့် သို့မဟုတ် ဆန္ဒပြခွင့်များအား ခွဲခြားဆက်ဆံမှုမပြုဘဲ သင့်တင့်သောလုပ်ဆောင်ချက်နှင့် သင့်တင့်သောအချိန်ကာလအတွင်း ရယူနိုင်ခဲ့ပါရဲ့လား။ | ၀.၆၅ |
| **ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း** | ပြီးခဲ့သည့်နှစ်အတွင်း ဥပဒေစိုးမိုးရေးအရာရှိများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် အခြားတာဝန်ခံများအနေဖြင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များ၏ လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်များအား အသိအမှတ်ပြု အလေးထား လေးစားခဲ့ပါသလား။ (အဓိကရုဏ်းထိန်းသိမ်းမှုနှင့်ပတ်သက်သော ကိစ္စများအပါအဝင်) ယင်းတို့၏ လုပ်ငန်းများအား ဆောင်ရွက်စဉ် ပညာရှင် ပီသစွာနှင့် သင့်တင့်မျှတစွာ လုပ်ဆောင်ခဲ့ကြပါရဲ့လား။ | ၀.၅၀ |
| **စုစုပေါင်းပျမ်းမျှ = ၀.၅၈ (အနည်းငယ်ဆုတ်ယုတ်ကျဆင်း)** | | |

**အလေးပေးဆွေးနွေးချက်များ**

**"ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ချက်မူကြမ်းလို ဆိုးဝါးတဲ့ ဥပဒေတစ်ရပ် ဖျက်သိမ်းခြင်းဟာ ကောင်းမွန်တဲ့ လက္ခဏာဖြစ်တယ်"**

(အကဲဖြတ် ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ဆွေးနွေးသူတစ်ဦး၏ မှတ်ချက်)

ဆန္ဒထုတ်ဖော်သူများကို တရားစွဲဆိုမှုများသည် ခြုံငုံသုံးသပ်ကြည့်ပါက လွန်ခဲ့သောနှစ်အတွင်း လျော့ကျခဲ့သော်လည်း လွတ်လပ်စွာ စုဝေးခွင့်ကို ချိုးဖောက်သော အမှုကိစ္စများစွာ ကျန်ရှိနေဆဲ ဖြစ်သည်။

အစိုးရ၌ ဆန္ဒထုတ်ဖော်ခြင်းနှင့်ဆိုင်သည့် ဥပဒေများစွာ ရွေးချယ်ရန် ရှိနေပြီး ယင်းတို့လိုအပ်သလို ဥပဒေတစ်ခုကို ယူသုံးပိုင်ခွင့် ရှိနေသည်။ အမှုကိစ္စတစ်ခု၌ ဆန္ဒထုတ်ဖော်သူတစ်ဦးသည် အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကြောင့် ထောင်ဒဏ် ၁၅ နှစ် ကျခံခဲ့ရသည်။ သိသာထင်ရှားသောဖြစ်ရပ်မှာ ဥပဒေမူဘောင်သည် ရှင်းလင်းပြတ်သားမှုမရှိဘဲ ထိုသို့မရှင်းလင်းမှုက ဥပဒေကို အလွဲသုံးရာ ရောက်စေသည်။ အစိုးရသည် **COVID-19** ကမ္ဘာ့ကပ်ရောဂါနှင့်စပ်လျဉ်းသော ညွှန်ကြားချက်အသစ်များ ထုတ်ပြန်၍ ငါးဦး သို့မဟုတ် ငါးဦးထက်လျော့နည်းသော လူစုလူဝေးအဖြစ် စုဝေးခွင့်ကို ကန့်သတ်ခဲ့သည်။ သို့သော် ညွှန်ကြားချက် မပြတ်သားခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့် အဆိုပါညွှန်ကြားချက်သည် မည်သည့်အချိန်အထိ သက်ရောက်မှုရှိမည်မှာ မရှင်းလင်းချေ။

လွှတ်တော်သို့ တင်သွင်းလာခဲ့သော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ခြင်းမူကြမ်းသည်လည်း ယခုတိုင် အသက်ဝင်လာခြင်းမရှိဘဲ ဆက်လက်ဆွေးနွေးခြင်း၊ ပြဋ္ဌာန်းရန်အတွက် ဆက်လက်တင်ပြခြင်းများလည်း မရှိသေးချေ။ ဤမူကြမ်းသည် ဖိနှိပ်ချုပ်ချယ်ခြင်းသဘောကို ဆန့်ကျင်သဖြင့် အပြုသဘောဆောင်သည်။ သို့သော် အဆိုပါမူကြမ်းကို လွှတ်တော်သို့ ပြန်လည်တင်ပြမည့်အစီအစဉ်ရှိမရှိ၊ အဆိုပါမူကြမ်းကို အပြီးအပိုင်ရုပ်သိမ်းပြီးခြင်းရှိမရှိတို့မှာ မရှင်းလင်းချေ။ ဥပမာအားဖြင့် ဒီမိုကရေစီလမ်းစဉ်တွင် အကာအကွယ်ပေးသင့်သော ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့် ကန့်ကွက်ဆန္ဒပြမှုများသည် တရားဥပဒေနှင့် ငြိစွန်းလျက် ရှိနေဆဲဖြစ်သည်။

**"ဥပဒေနှင့်အညီ ဆန္ဒထုတ်ဖော်လိုကြောင်း အသိပေးချင်ပါတယ်။ ဒါပေမဲ့ ပြည်သူ့ရဲတပ်ဖွဲ့က သူတို့ဆီက ခွင့်ပြုမိန့် တောင်းစေချင်နေသေးတယ်"**

(အကဲဖြတ် ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ဆွေးနွေးသူတစ်ဦး၏ မှတ်ချက်)

လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်မီဒီယာနှင့်အခြားရင်းမြစ်များသည် သတင်းမှားများနှင့် အဓိပ္ပာယ်များသဘောသက်ရောက်သော သတင်းအချက်အလက်တို့ ပါဝင်သော ဝါဒဖြန့်ချိရေးမှတစ်ဆင့် ပြည်သူလူထု၏အာရုံကို လိုအပ်သလို ပြောင်းလွှဲနိုင်ရန် လုပ်ဆောင်နေဆဲဖြစ်သည်။ ဥပမာ **ICJ** ကိစ္စနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာ၏အစီရင်ခံချက်တွင် မှားယွင်းသော တင်ပြချက်တစ်ရပ်မှာ အဆိုပါအမှုသည် အစိုးရနှင့်စစ်ခေါင်းဆောင်တို့ကို စွဲဆိုသော အမှုမဟုတ်ဘဲ မြန်မာပြည်သူတစ်ရပ်လုံးကို စွဲချက်တင်သော အမှုဖြစ်သယောင်ယောင် ပုံဖော်ထားခြင်းဖြစ်သည်။

## ကဏ္ဍ(၅)။ ။ သတင်းအချက်အလက် ရယူပိုင်ခွင့်

နိုင်ငံတော်၏ ဆောင်ရွက်မှုများကို ပြည်သူအများ သိရှိနားလည်နိုင်စေခြင်းကြောင့် သတင်းအချက်အလက်ရယူပိုင်ခွင့်သည် ဒီမိုကရေစီစနစ်၏အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ အကျင့်ပျက်ခြစားမှုပြဿနာကို ဖြေရှင်းရာ၌လည်း အရေးကြီးသည်။ ပြည်သူများအနေဖြင့် မိမိတို့တိုးတက်ဖွံ့ဖြိုးမှု၌ ပါဝင်ခွင့် ခိုင်မာစွာရရှိစေသည်။ သတင်းအချက်အလက်ရယူပိုင်ခွင့်ကို ဖြည့်စွမ်းနိုင်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူများအကြား သဘောထားသစ်များ ဖန်တီးခြင်းကဲ့သို့သော ဥပဒေတစ်ခု ချမှတ်ခြင်းထက် ပိုမိုလိုအပ်သည်။

**<u>အကဲဖြတ်ဆွေးနွေးခြင်း၌ တင်ပြထားသော အညွှန်းကိန်းများ</u>**

| ခေါင်းစဉ် | ဖော်ပြချက် | ၂၀၂၀ ပြည့်နှစ် ပေးမှတ် |
|---|---|---|
| **သတင်းအချက်အလက် ရယူပိုင်ခွင့်ဥပဒေ** | ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီညွတ်သည့်၊ နိုင်ငံတော်လျှို့ဝှက် ချက်အက်ဥပဒေအပါအဝင် အခြားဥပဒေအားလုံး | ၀.၇၅ |

| | | |
|---|---|---|
| | အပေါ်ကျော်လွန်သက်ရောက်မှုရှိသော ပြဋ္ဌာန်းချက်များပါဝင်သည့် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေကြမ်း ရေးဆွဲရေးနှင့်ပတ်သက်၍ တိုးတက်မှုရှိခဲ့ပါသလား။ ထိုဥပဒေကို အကောင်အထည်ဖော်ခဲ့ပါသလား။ | |
| **အခြားဥပဒေများ** | ပြီးခဲ့သည့်နှစ်အတွင်း သတင်းအချက်အလက်သိပိုင်ခွင့်နှင့် ရယူပိုင်ခွင့်အား ဟန့်တားနှောင့်ယှက်သောဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ရှိခဲ့ပါသလား။ | ၀.၅၅ |
| **ရယူပိုင်ခွင့်** | ပြီးခဲ့သည့်နှစ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ စာရေးဆရာများနှင့် အများပြည်သူတို့အနေဖြင့် သူတို့ကိုယ်ပိုင်ဘဝများအတွက် လိုအပ်သည့်သတင်းအချက်အလက်များကို ရယူနိုင်ခဲ့ပါသလား။ အာဏာပိုင်များအား တာဝန်ယူ၊ တာဝန်ခံမှုရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသလား။ ဤအချက်နှင့်ပတ်သက်၍ တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်ကျဆင်းမှု ရှိခဲ့ပါသလား။ | ၀.၇၅ |
| **သတင်းအချက်အလက် ကိုင်တွယ်ထိန်းသိမ်းရေး** | ပြီးခဲ့သည့်နှစ်အတွင်း အစိုးရအနေဖြင့် သတင်းအချက်အလက် ကိုင်တွယ်ထိန်းသိမ်းရေးဆိုင်ရာ ကျိုးကြောင်းညီညွတ်သော စံချိန်စံညွှန်းတစ်ခု ရရှိအောင် လုပ်ဆောင်ခဲ့ပါသလား။ ပြီးခဲ့သည့်နှစ်အတွင်း သတင်းကြိုတင်ထုတ်ပြန်ပေးမှုရှိခဲ့ပါသလား။ | ၀.၈၅ |
| **သတင်းအချက်အလက် ဖော်ထုတ်ပေးသူများ** | ပြီးခဲ့သည့်နှစ်အတွင်း အစိုးရအနေဖြင့် သတင်းအချက်အလက် ဖော်ထုတ်ပေးသူများအတွက် အကာအကွယ်များ ဖန်တီးပေးရန် လုပ်ဆောင်ခဲ့ပါသလား။ | ၀.၅၅ |
| **စုစုပေါင်းပျမ်းမျှ = ၀.၆၉ (အနည်းငယ်ဆုတ်ယုတ်ကျဆင်း)** | | |

**အလေးပေးဆွေးနွေးချက်များ**

**“သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေဆိုတာ ဘယ်ရောက်နေသလဲ မသိဘူး”**
(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ဆွေးနွေးသူတစ်ဦး၏မှတ်ချက်)

သတင်းအချက်အလက် ရယူပိုင်ခွင့် ဥပဒေမူကြမ်းနှင့် ဆက်စပ်နေသော နိုင်ငံတော်အဆင့်အလွှာမျိုးစုံမှ ဆောင်ရွက်သူများပါဝင်သော အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများစွာ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ သို့သော် ယနေ့အထိ ထူးခြားသော တိုးတက်မှု မဖြစ်ထွန်းသေးချေ။ အစိုးရသည် အဆိုပါမူကြမ်း၏ အခြေအနေအပေါ် သတင်းအချက်အလက်မျှဝေခြင်း၊ အစိုးရအနေဖြင့် အဆိုပါဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရန် အစီအစဉ်ရှိ မရှိ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ချေ။ ဤဆွေးနွေးပွဲများ၌ တွေ့မြင်ရသည့် အပြုသဘောဆောင်သောပြောင်းလဲမှုမှာ တပ်မတော်အနေဖြင့် သတင်းအချက်အလက်ရယူပိုင်ခွင့်စနစ်ကို ချမှတ်လျက် သတင်းစာရှင်းလင်းပွဲများ၌ ယခင်ကဲ့သို့ အနုတ်သဘောဆောင်သည့်အပြုအမူမျိုး မရှိတော့ပေ။ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အစိုးရ၏ တိုးတက်မှုနှင့်ပတ်သက်၍ မေးခွန်းများ ထုတ်လာခဲ့ကြသည်။

အခြားသော ဥပဒေများသည်လည်း ပြဿနာသဘောဆောင်လျက်ရှိပြီး ပြည်သူများ၏ သတင်းအချက်အလက်ရယူပိုင်ခွင့်ကို ကန့်သတ်ချုပ်ချယ်ထားဆဲဖြစ်သည်။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကို အသစ်ချမှတ်ပြဋ္ဌာန်းလိုက်ခြင်းသည် အစိုးရသာ ထိန်းသိမ်းရယူပိုင်ခွင့်ရှိသော သတင်းအချက်အလက်များကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။ သတင်းအချက်အလက်ကို လိုအပ်သလို ကန့်သတ်ထားရှိရုံသာမက အဆိုပါ သတင်းအချက်အလက်ကို ပုံနှိပ်ထုတ်ဝေသော သူတို့အား ရာဇဝတ်မှုပြစ်ဒဏ်ချမှတ်နိုင်သည်။ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေသည်လည်း ဆက်လက် တည်ရှိနေသည်။

အင်တာနက် ဖြတ်တောက်မှုနှင့် မကြာမီက လုပ်ဆောင်ခဲ့သော ဝက်ဘ်ဆိုက်ပိတ်ဆို့ခြင်းတို့သည် ပြည်သူများ၏ သတင်း

အချက်အလက်ရယူပိုင်ခွင့်ကို အကြီးအကျယ် အားနည်းယိုင်နဲ့စေရန် ရည်ရွယ်သည်။ အင်တာနက်ဖြတ်တောက်ခံရသော ဒေသခံများသည် အွန်လိုင်းမှ မည်သည့်သတင်းအချက်အလက်ကိုမျှ ရယူနိုင်ခြင်းမရှိချေ။ အလားတူပင် ရခိုင်ပြည်နယ်၌ ဖြစ်ပျက်နေသော သတင်းအချက်အလက်ကို မြန်မာပြည်သူလူထုကလည်း ရယူနိုင်ခြင်းမရှိချေ။

**COVID-19** နှင့်ပတ်သက်၍ သတင်းအချက်အလက်တို့သည် အစိုးရ၏တုံ့ပြန်လုပ်ဆောင်မှုထက် **COVID-19** လူနာ သတင်းများကိုသာ အများစုဖော်ပြပြီး ဖော်ပြချက်များမှာ နည်းပါးလှသည်။ မည်သို့ပင်ဖြစ်စေ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့သည် **COVID-19** နှင့် ပတ်သတ်၍ သတင်းအချက်အလက်များကို တိုးမြှင့်ထုတ်ပြန်ကြေညာခဲ့သည်ဟု ယူဆနိုင်သည်။ အစိုးရသည် သတင်းစာရှင်းလင်းပွဲများ၌ **COVID-19** ဆိုင်ရာသတင်းအချက်အလက်ကို ကြေညာပြီး ဘာသာစကား မျိုးစုံဖြင့် အသိပညာပေးခဲ့သည်။ ဤသို့ဘာသာစကားမျိုးစုံဖြင့် အသိပညာပေးခြင်းမှာ မြန်မာနိုင်ငံ၌ ယခင်က လုပ်ရိုးလုပ်စဉ် မရှိခဲ့ချေ။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကလည်း သတင်းစာရှင်းလင်းပွဲများစွာ လုပ်ဆောင်ခဲ့သည်။ အစိုးရက ထုတ်ပြန် အသိပေးသော သတင်းအချက်အလက်တချို့မှာ ဘက်လိုက်မှုရှိခဲ့သည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်ရှိ **Arakan Army** (ရခိုင့် တပ်မတော်)နှင့် တိုက်ပွဲသတင်းများ၊ **ICJ** နှင့်ပတ်သက်၍ အစိုးရက ထုတ်ပြန်သော သတင်းအချက်အလက်များစွာသည် အစိုးရနှင့် တပ်မတော်ကို အသားပေးထားသော သတင်းအချက်အလက်များသာ ဖြစ်သည်။

**"နိုင်ငံတော်ဆီက တိကျတဲ့ အဖြေရှိမယ့် အချက်အလက်မျိုးရဖို့ အင်မတန်ခက်ပါတယ်။ ထိပ်ပိုင်းအရာရှိတွေဆီကို ခွင့်တောင်းရတယ်။ တကယ်လို့ သတင်းအချက်အလက် တစ်စုံတစ်ရာထုတ်ပြန်ရင်လည်း အဲ့ဒီအချက်အလက်က ဝေဝါးနေတယ်။ မပြတ်သားဘူး"**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ဆွေးနွေးသူတစ်ဦး၏မှတ်ချက်)

လျှို့ဝှက်အဖြစ်ထားရှိပြီး အစိုးရအနေဖြင့် "အတိမ်းအစောင်းမခံနိုင်သော" သတင်းအချက်အလက်မျိုးကို ထုတ်ဖော်ပြောကြားတတ်သူများ**(whistle-blowers)** မှာ ခြိမ်းခြောက်ခံနေဆဲဖြစ်သည်။ ထင်ရှားစွာ တွေ့မြင်ရသည်မှာ မြန်မာနိုင်ငံတစ်ဝန်း လူသိများခဲ့သော "ဗစ်တိုးရီးယား" အမှု၌ ကလေးငယ်တစ်ဦးသည် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရပြီး အစိုးရက သတင်းအချက်အလက်များနှင့် လျှို့ဝှက်သတင်းဖော်ထုတ်သူများကို ကန့်သတ်ချုပ်ချယ်သည့်ပုံစံဖြင့် တုံ့ပြန်ခဲ့သည်။ အစိုးရ၏ **COVID-19** ဥပဒေ၌ သတင်းအချက်အလက်ထုတ်ဖော်ပြောကြားသည့် ကျန်းမာရေးဝန်ထမ်းများကို အရေးယူမည့်ပြဋ္ဌာန်းချက်များလည်း ပါဝင်သည်။

**ကဏ္ဍ(၆)။ ။ လုံခြုံဘေးကင်းခြင်းနှင့် အကာအကွယ်ရှိခြင်း**

လုံခြုံဘေးကင်းခြင်းနှင့်အကာအကွယ်ရှိခြင်းတို့သည် လွတ်လပ်စွာ ရေးသားဖော်ထုတ်ပြောဆိုခွင့်နှင့် ပတ်သက်သော အရေးကြီးသောအချက်များ ဖြစ်သည်။ အကြောင်းမှာ လုံခြုံစိတ်ချရသော အခြေအနေမျိုးမရှိဘဲ ပြည်သူတို့မှာ အကြောက်တရား ဖုံးလွှမ်းနေပြီး မိမိတို့၏ အပြောအဆို အရေးအသားတို့၌ မိမိဘာသာ ဆင်ဆာတည်းဖြတ်ခြင်း လုပ်ဆောင်လာနိုင်သည်။ မိမိဘာသာ ဆင်ဆာတည်းဖြတ်ခြင်းသည် တံခါးပိတ်ဝါဒကျင့်သုံးပြီး အကြောက်တရားလွှမ်းမိုးသော လူ့အဖွဲ့အစည်းများသို့ ဦးတည်သွားစေသည်။ အဆိုပါ လူ့အဖွဲ့အစည်းများ၌ ရာဇဝတ်မှုများကို ကျူးလွန်သူများသည် အရေးယူခံရခြင်းမရှိဘဲ ပြစ်ဒဏ်မှ လွတ်မြောက်ခြင်း သံသရာစက်ဝိုင်းကို ဖန်တီးပေးရာ ရောက်သည်။

**<u>အကဲဖြတ်ဆွေးနွေးခြင်း၌ တင်ပြထားသော အညွှန်းကိန်းများ</u>**

| ခေါင်းစဉ် | ဖော်ပြချက် | ၂၀၂၀ ပြည့်နှစ် ပေးမှတ် |
|---|---|---|
| **လုံခြုံဘေးကင်းခြင်း** | ပြီးခဲ့သည့်နှစ်အတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ စာရေးဆရာများ၊ မှတ်တမ်းရုပ်ရှင်သမားများနှင့် အခြားသောတစ်ဦးချင်းလူပုဂ္ဂိုလ်များ အနေဖြင့် စာနယ်ဇင်းပညာနှင့် အကဲဆတ်သော အကြောင်းအရာများ အပေါ် စုံစမ်းဖော်ထုတ်ခြင်းများ အပါအဝင် လွတ်လပ်၍ တီထွင်ဖန်တီးရေးသားထုတ်ဖော်ပြောဆိုမှုကို စိတ်ချယုံကြည်စွာနှင့် ဘေးကင်းလုံခြုံစွာ လုပ်ဆောင်နိုင်ခဲ့ပါသလား။ | ၀.၆၀ |

| | | |
|---|---|---|
| **တိုက်ခိုက်မှုများ/ ဟန့်တားနှောင့်ယှက်မှုများ** | ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံအား ပေးသူများနှင့် သတင်းသမားများ စိတ်ချယုံကြည်ရမှုနှင့်ဘေးကင်းလုံခြုံမှုရှိစေရန် အန္တရာယ်နှင့်ရင်း၍ ကူညီသူတစ်ဦးချင်းအပါအဝင် လူပုဂ္ဂိုလ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ သို့မဟုတ် နှုတ်ဖြင့်၊ စာဖြင့်၊ ကာယကံဖြင့် ထိပါးနှောင့်ယှက်မှုများ ရှိခဲ့ပါသလား။ | ၀.၆၀ |
| **တရားစီရင်ရေး** | ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံအားပေးသူများ၊ သတင်းသမားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များအနေဖြင့် မျှတလွတ်လပ်သည့် တရားခွင်များ သို့မဟုတ် လွတ်လပ်သော တရားစီရင်မှုများ ရယူနိုင်ခဲ့ပါသလား။ | ၀.၇၅ |
| **ပြစ်ဒဏ်မခံရဘဲ လွတ်မြောက်နေမှု** | ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်၊ သတင်းစာလုပ်ငန်းတို့နှင့် ဆက်နွယ်ဖြစ်ပွားခဲ့သော ယခင်အတိတ်မှ ပြစ်မှုများအတွက် ပြစ်ဒဏ်မခံရဘဲ လွတ်မြောက်နေမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ပါသလား သို့မဟုတ် ရာဇဝတ်ပြစ်မှုများအတွက် ခိုင်မာသောစုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုတစ်ခုရှိခဲ့ပါရဲ့လား။ | ၀.၆၀ |
| **ပဋိပက္ခဇုံများ** | ပြီးခဲ့သည့်နှစ်အတွင်း သတင်းသမားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အခြားသူများအနေဖြင့် ပဋိပက္ခဇုံများသို့ အကျိုးသင့်အကြောင်းသင့်နှင့် အချိန်မီသွားရောက်ခွင့် ရခဲ့ပါသလား။ အာဏာပိုင်များက ပဋိပက္ခဇုံများအတွင်း သူတို့ရောက်ရှိနေစဉ် လုံခြုံစိတ်ချရမှုအတွက် ဆောင်ရွက်ပေးခဲ့ပါသလား။ | ၀.၄၀ |
| **စုစုပေါင်းပျမ်းမျှ = ၀.၅၉ (အနည်းငယ်ဆုတ်ယုတ်ကျဆင်း)** | | |

**အလေးပေးဆွေးနွေးချက်များ**

**“တရားစီရင်ရေးစနစ်နဲ့ တရားမျှတတဲ့ တရားခုံရုံးတွေရဲ့ အမိအခိုကင်းမှု၊ လက်မည်းကြီးရဲ့အောက်က ကင်းလွတ်မှုနဲ့ ပတ်သက်လို့ကတော့ မေးခွန်းတွေ တစ်ပုံကြီး ရှိနေပါတယ်”**

(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ဆွေးနွေးသူတစ်ဦး၏မှတ်ချက်)

သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများနှင့် လူ့ရပိုင်ခွင့် အကာအကွယ်ပေးသူများတို့သည် စနယ်ဖင်းအလုပ်လုပ်ခြင်းအပေါ် ရာဇဝတ်မှုများ တစ်သီတစ်တန်းဖြင့် ရင်ဆိုင်နေကြရသည်။ ယင်းတို့၏ လုပ်ဆောင်မှုအပေါ် ယေဘုယျအားဖြင့် အကာအကွယ်ကင်းမဲ့နေခြင်း၊ ကိုယ်ထိလက်ရောက်တိုက်ခိုက်ခံရခြင်းတို့ကို ရင်ဆိုင်နေကြရသည်။ အထူးသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ **(CSO)**နှင့် တူးဆွဖော်ထုတ်သတင်းရေးသားသူများသည် လုံခြုံဘေးကင်းမှုမရှိခြင်း၊ အကာအကွယ်မဲ့ခြင်းအခြေအနေများအပေါ် စိုးရိမ်စိတ်များကို ဖော်ပြကာ အစီရင်ခံခဲ့ကြသည်။ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတို့တွင် အလွန်အကျွံ တရားဥပဒေမဲ့ သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာဒေသများတွင် တပ်မတော်မှလည်းကောင်း၊ လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုများမှလည်းကောင်း ခြိမ်းခြောက်မှုများ၊ တိုက်ခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည်။

သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများနှင့် လူ့ရပိုင်ခွင့်ကာကွယ်သူများ အတိုက်အခိုက်ခံရခြင်းအပေါ် လေ့လာစုံစမ်းမှုများ အနည်းငယ်သာ ရှိခဲ့သည်။ စုံစမ်းဖော်ထုတ်မှုများအပေါ် လုံလောက်သောအရေးယူဆောင်ရွက်ခြင်း ရလဒ်များ မထွက်ပေါ်ခဲ့ချေ။ ယင်းသို့ဖြစ်ရခြင်းမှာ နိုင်ငံရေး စိတ်ဓာတ်ခေါင်းပါးခြင်း၊ အမိအခိုကင်းသော တရားစီရင်ရေးရှိမနေခြင်း၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတို့၌ အကျင့်ပျက်ခြစားမှု ရှိနေခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ အကျိုးဆက်အားဖြင့် အပြစ်ကျူးလွန်ပြီး

အပြစ်မှ ကင်းလွတ်နေသူများ များပြားလျက်ရှိသည်။

နောက်ဆက်တွဲ။ အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများစာရင်း

- Athan
- Assistance Association for Political Prisoners (AAPP)
- Burma News International (BNI)
- Equality Myanmar
- Human Rights Defenders Forum (HRDF)
- Independent Lawyers Association Myanmar (ILAM)
- Myanmar Cartoon Association (MCA)
- Myanmar ICT for Development (MIDO)
- Myanmar Journalists’ Institute (MJI)
- Myanmar Journalists’ Network (MJN)
- Myanmar Performance Rights Organization (MPRO)
- PEN Myanmar
- Pyi Gyi Khin (PGK)